# COVID–19 ကာကွယ်ရေးနည်းလမ်းများကို အချင်းချင်း အသိပေးခြင်း၊ သတိပေးခြင်းများ ပြုလုပ်ပါ

(၂-၁-၂၀၂၁)

၁။ COVID–19 ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများပြားနေဆဲဖြစ်ပြီး ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းအောင် ထိန်းချုပ်ထားနိုင်ခဲ့သည့် နိုင်ငံအချို့တွင်လည်း ကူးစက်ဖြစ်ပွားမှုများ ပြန်လည်များပြားလာနေသည်ကို တွေ့ရှိနေရပါသည်။ မြန်မာနိုင်ငံ၌ ထိုသို့မဖြစ်ရေး အထူးဂရုစိုက်ရန် လိုပါမည်။

၂။ မြန်မာနိုင်ငံတွင် COVID–19 ရောဂါကူးစက်ခံရသူ (၆၃% မှ ၈၅% ခန့်) သည် ရောဂါလက္ခဏာ တစ်စုံတစ်ရာ ပြသခြင်းမရှိသောကြောင့် မိမိပတ်ဝန်းကျင်တွင် ရောဂါရှိသူများရှိနေနိုင်ပြီး မည်သူ့ထံတွင် ရောဂါရှိသည်ကို အမြင်အားဖြင့် မသိရှိနိုင်ပါ။

**၃။ သို့ဖြစ်ပါ၍ COVID–19 ကာကွယ်ရေးနည်းလမ်းများကို မိသားစုဝင်အချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း အသိပေးခြင်းနှင့် သတိပေးခြင်းများကို အမြဲတမ်း ပြုလုပ်ကြပါ။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန